

Myanmar Peace Monitor

# Weekly News Review

Issue 103, 3 - 9 May 2023





## သင်ခန်းစာယူရမည့် လူသားစာနာယာဉ်တန်း ပစ်ခတ်ခံရမှု

# သင်ခန်းစာယူရမည့် လူသားစာနာယာဉ်တန်း ပစ်ခတ်ခံရမှု

## နိဒါန်း


စစ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲအဖြစ် ပြည်တွင်းစစ်မီး အပြန့်ကျယ်လာသည်နှင့်အတူ စစ်ကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသည့် မြန်မာပြည်သူအပေါင်း သန်းနှင့်ချီနေပြီဖြစ်သည်။ အာဏာသိမ်းစစ်အုပ်စုနှင့် နွေဦးတော်လှန်ရေးအင်အားစုများအကြား အားပြိုင်မှုအတွင်း အမှန်တကယ်ထိခိုက်နစ်နာခဲ့ရသော၊ အမှန်တကယ် ထိရှပျက်ဆီးခဲ့ရသော အသက်များ၊ ဘဝများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများသည် နိုင်ငံတဝှမ်းလုံးတွင် လိုအပ်ချက်ကြီးမားနေပါသည်။ သို့သော် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများသည် အမှန်တကယ်လိုအပ်နေသော မြန်မာပြည်သူလူထုကြီးအတွက် အလှမ်းဝေးကွာနေလျက်ရှိပါသည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း အာဆီယံ လူသားချင်းစာနာမှု ကူညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးစင်တာ (AHA Center) ၏ ယာဉ်တန်းတစ်ခု ပစ်ခတ်ခံရမှု ဖြစ်ပွားခဲ့ပါသည်။

ယခုတစ်ပတ် BNI – Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် အဆိုပါ AHA Center ၏ ယာဉ်တန်းပစ်ခတ်ခံရမှုနှင့်အတူ ဆက်စပ်တွေးဆဖွယ်ရာများကို လေ့လာတင်ပြသွားပါမည်။

# ဖြစ်စဉ်

မေလ ၇ ရက်တွင် ဖြစ်သည်။ ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ် ဆီဆိုင်-ဆိုက်ခေါင်လမ်းမပေါ်တွင် ဆီဆိုင်မြို့နယ်အခြေစိုက် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဆက်ဆံရေးရုံးသို့ စစ်ဘေးဒုက္ခသည်ကူညီရေးအတွက် သွားရောက်သည့် AHA Center ၏ ယာဉ်တန်းပစ်ခတ်ခံရမှု ဖြစ်ပွားခဲ့သည်။ ယာဉ်တန်းတွင် စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံမှ သံအရာရှိများ၊ AHA Center မှ တာဝန်ရှိသူများ လိုက်ပါလာခြင်းဖြစ်ပြီး ပစ်ခတ်မှုအတွက် အာဏာသိမ်းစစ်ကောင်စီနှင့် စစ်ကောင်စီလက်အောက်ခံ ပအိုဝ်းအမျိုးသားအဖွဲ့(PNO/ PNA)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)တို့အကြား မည်သူ့လက်ချက်ဖြစ်သလဲဆိုသည်က အငြင်းပွားဖွယ်အပြန်အလှန် ပြစ်တင်စွပ်စွဲလျက်ရှိသည်ကို တွေ့ရသည်။

မေလ ၁၁ ရက်နေ့ PNLO ၏ ထုတ်ပြန်ချက်အရ ငြိမ်းချမ်းရေးဦးဆောင်အဖွဲ့(PPST) ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်ရုံးနှင့် AHA Center တို့အကြား ဆွေးနွေးညှိနှိုင်းမှုနှင့်အတူ ဖြစ်ပေါ်လာသော PNLO မှ ဦးဆောင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်နေပြီး ယင်းအကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်သည့် မည်သည့်လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို ဆန့်ကျင်ရှုတ်ချသည်ဟုဆိုပါသည်။



ဆီဆိုင်မြို့နယ်၊ နန့်အောရွာမြောက်ဘက် မီတာ ၂၀၀ အကွာတွင် ဖြစ်ပွားသော အဆိုပါပစ်ခတ်မှုကို အသင့်စောင့်ဆိုင်းနေကြသည့် အကြမ်းဖက်သမားငါးဦးက ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း စစ်ကောင်စီလက်အောက်ခံ PNO စစ်ဘက်ရေးရာအရာရှိတစ်ဦးက RFA ကို ပြောဆိုထားပါသည်။

"ဖြစ်တာကတော့ ကျနော်တို့ PNO လှူပ်ရှားနယ်မြေပေါ့နော်၊ အဲဒီကို သူတို့ကျူးကျော်ပြီးလာပစ်တာ။ ပြဿနာလည်း တစ်စုံတစ်ရာ မရှိခဲ့ပါဘူး။ သူတို့ဘာအကြောင်းကြောင့် ပစ်တယ်ဆိုတာတော့ ကျနော်လည်းမသိဘူး"။ [1]



## ဆက်စပ်သတင်းများ

အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံသည် စစ်အာဏာသိမ်းမှုနှင့်အတူ တိုင်းပြည်အကြပ်အတည်းဖြင့် ရင်ဆိုင်နေရသော မြန်မာနိုင်ငံအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆက်လက်ပံ့ပိုးပေးနိုင်ရေးအတွက် ပြီးပြည့်စုံသော လိုအပ်ချက်အကဲဖြတ်မှုများကို အပြီးသတ်ပြုစုထားကြောင်းနှင့် မေလ ၉ ရက်မှ ၁၁ ရက်အတွင်း ပြုလုပ်မည့် အာဆီယံအဖွဲ့ခေါင်းဆောင်များတွေ့ဆုံရာတွင် အကဲဖြတ်မှုအပြီးသတ်နိုင်မည်ဟု မျှော်လင့်ထားသည်ဟု ဆိုပါသည်။ ယင်းသို့ လိုအပ်ချက်များ အကဲဖြတ်ရာတွင် အကူအညီလိုအပ်သူ အရေအတွက်၊ နေရာဒေသနှင့် မည်သည့်အကူအညီမျိုးကို လိုအပ်သည် စသည့်အချက်များ ပါဝင်ကြောင်း အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Kao Kim Hourn က ပြောဆိုထားပါသည်။

---

1 ဆီဆိုင်မြို့နယ်မှာ သံအရာရှိတွေလိုက်ပါလာတဲ့ ယာဉ်တန်း ပစ်ခတ်ခံရ http://rb.gy/b7jqd

"အကြမ်းဖက်မှုတွေကြောင့် မြေပြင်မှာ ရွှေ့ပြောင်းနေရသူတွေ ရှိပါတယ်။ သူတို့ဘဝ ရှင်သန်ဖို့အတွက် လိုအပ်ချက်တွေကို တကယ်ကို လက်လှမ်းမမီနိုင်တဲ့သူတွေဖြစ်ပါတယ်။ ဒါတွေကို ကျနော်တို့အမှန်တကယ်အာရုံစိုက် ရမယ့်သူတွေလို့ ကျနော်ထင်ပါတယ်"ဟု ၎င်းက ဆိုပါသည်။ [2]

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း နူဆာတန်ဂါရာကျွန်းတွင် အာဆီယံထိပ်သီးအစည်းအဝေးကျင်းပရန် ရောက်ရှိနေသည့် အင်ဒိုနီးရှားသမ္မတဂျိုကိုဝီဒိုဒိုကလည်း AHA Center ၏ ယာဉ်တန်းပစ်ခတ်ခံရမှုနှင့် ပတ်သက်ပြီး "မြန်မာနိုင်ငံမှာ အာဆီယံရဲ့အကူအညီပေးရေး လုပ်ငန်းတွေ စတင်တော့မယ့်အချိန်မှာ အခုလိုတိုက်ခိုက်မှုဖြစ်တာ စိတ်ပျက်စရာပဲ"ဟု မေလ ၈ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် ပြစ်တင်ရှုတ်ချခဲ့ပါသည်။ [3]

"ဒီဖြစ်ရပ်ဟာ အကြမ်းဖက်မှုတွေရပ်တန့်ဖို့ အာဆီယံနဲ့ အင်ဒိုနီးရှားတို့ရဲ့ ကတိကဝတ်တွေကို လျှော့ပါးစေမှာ မဟုတ်ဘူး"။ [4]

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ဆိုခဲ့ပါ AHA Center ၏ ယာဉ်တန်းပစ်ခတ်ခံရမှုနှင့် ပတ်သက်ပြီး မြန်မာအာဏာသိမ်းစစ်ကောင်စီ၏ အာဆီယံဘုံသဘောတူညီချက်တွေကို လစ်လျူရှုပြီး တိုက်ခိုက်မှုများ ၊ အကြမ်းဖက်မှုများ ဆက်လက်ပြုလုပ်နေသည့်အတွက် မြေပြင်တွင် တရားဥပဒေစိုးမိုးမှုမရှိတော့သည်ကို ပြသနေခြင်းကြောင့် စိုးရိမ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

"စစ်ကောင်စီအနေနဲ့ သံတမန်တွေနဲ့ အရပ်သားပြည်သူတွေကို အကာအကွယ်ပေးဖို့အပါအဝင် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေတွေကို လိုက်နာဖို့ လိုပါတယ်"ဟု အမေရိကန်က သတိပေးတိုက်တွန်းထားပါသည်။ [5]

## သုံးသပ်တင်ပြချက်

အာဏာသိမ်းစစ်ကောင်စီတပ်နှင့် စစ်ကောင်စီလက်အောက်ခံ ပအိုဝ်းအမျိုးသားအဖွဲ့(PNO)၊ NCA လက်မှတ်ရေးထိုးထားသည့် PNLO တို့သာ ထိန်းချုပ်လှုပ်ရှားရာနယ်မြေအတွင်း AHA Center မှ တာဝန်ရှိသူများ၊ စင်ကာပူနှင့် အင်ဒိုနီးရှားမှ သံတမန်အရာရှိများပါဝင်သော ယာဉ်တန်းပစ်ခတ်ခံရမှုသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာပြည်သူလူထုအတွက် ကူညီထောက်ပံ့လှူဒါန်းကြသော နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား စီမံခန့်ခွဲနေကြသည့် အာဆီယံအပါအဝင် ကုလသမဂ္ဂလ

---

2 ASEAN finalising comprehensive humanitarian needs assessment in Myanmar http://rb.gy/5v55i

3 အာဆီယံ သံတမန်ယာဉ်တန်း တိုက်ခိုက်ခံရမှု နိုင်ငံတကာရှုတ်ချ http://rb.gy/3z1kc

4 Indonesia's Jokowi calls for end to violence in Myanmar after attack on ASEAN convoy http://rb.gy/5q2pj

5 The Attack on AHA Centre Convoy http://rb.gy/6jspd

"စစ်အာဏာသိမ်းကာလ နှစ်နှစ်တာကာလအတွင်း ၎င်းတို့အမှန်တကယ် စိုးမိုးအုပ်ချုပ်နိုင်သည့် နယ်မြေများသည် တဖြည်းဖြည်း ကျဉ်းမြောင်းလာခဲ့ပြီ ဖြစ်သည်။"

အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် သင်ခန်းစာယူသင့်သော ဖြစ်စဉ်ဖြစ်ရပ်တစ်ခု ဖြစ်ပါသည်။

အာဏာသိမ်းစစ်ကောင်စီနှင့် အပေါင်းအပါများ ၎င်းတို့ကိုယ်တိုင်၏ လုံခြုံရေးအတွက်ပင် အာမခံနိုင်သည့်အနေအထားတွင်မရှိတော့ဘဲ နိုင်ငံတဝှမ်းစစ်မျက်နှာဖွင့်ကာ နွေဦးတော်လှန်ရေးအင်အားစုများ၏ ခုခံတော်လှန်စစ်ဒဏ်ကို ရင်ဆိုင်ကြုံတွေ့နေပါသည်။ စစ်အာဏာသိမ်းကာလ နှစ်နှစ်တာကာလအတွင်း ၎င်းတို့အမှန်တကယ် စိုးမိုးအုပ်ချုပ်နိုင်သည့် နယ်မြေများသည် တဖြည်းဖြည်းကျဉ်းမြောင်းလာခဲ့ပြီဖြစ်သည်။ ထိုအခြေအနေတွင် အာဏာသိမ်းစစ်အုပ်စုတစ်ခုတည်းနှင့် ပူးပေါင်းချိတ်ဆက်ခြင်း၊ နားလည်မှုစာချွန်လွှာရယူကာ အဖွဲ့အစည်းရပ်တည်ရေး၊ ဝန်ထမ်းများနေထိုင်ခွင့်ရရှိရေးဆိုသည့် ကိုယ်ကျိုးစီးပွားအပေါ် တွက်ချက်ချဉ်းကပ်နေပါက အမှန်တကယ်အကူအညီလိုအပ်နေသော မြန်မာပြည်သူလူထုထံ နိုင်ငံတကာလူသားချင်းစာနာထောက်မှုဆိုင်ရာ အကူအညီများ ရောက်ရှိနိုင်ရေးသည် ကာလအတန်ကြာ အလှမ်းဝေးနေဦးမည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံတဝှမ်းလုံးတွင် စစ်ကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသော စစ်ဘေးဒုက္ခသည် ပြည်သူပေါင်း ၁ ဒသမ ၈ သန်းအထိ ရှိခဲ့ပြီဖြစ်သည်။ ထိုအနက် စစ်ကိုင်းနှင့် မကွေးတိုင်းအတွင်း စစ်ဘေးရှောင်အရေအတွက်သည် ၁ ဒသမ ၂ သန်းကျော် ရှိသည်။ ထိုင်း - မြန်မာနယ်စပ်တလျှောက် ကရင်နီ(ကယား) ၊ ကရင်၊ မွန်နှင့် တနင်္သာရီတိုင်း၊ အိန္ဒိယ - မြန်မာနယ်စပ် ချင်းပြည်နယ်၊ ထိုမှတဆင့် စစ်ကိုင်း၊ မကွေး စသဖြင့် အမှန်တကယ်အကူအညီလိုအပ်နေသော မြန်မာပြည်သူများထံ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအကူအညီများ ရောက်ရှိနိုင်ရေးအတွက် နည်းလမ်းအသစ်များ၊ ချဉ်းကပ်မှုပုံစံအသစ်များ ရှာဖွေကြဖို့ အချိန်တန်ပြီဟုဆိုရပါမည်။

အကြမ်းဖက်မှုများ ရပ်တန့်ရေး၊ တွေ့ဆုံဆွေးနွေးအဖြေရှာရေးဆိုသည့် လက်တွေ့ဖြစ်မလာနိုင်သေးသော စကားလုံး၊ စကားရပ်များအား အဆက်မပြတ်ရေရွတ်နေမည့်အစား အာဆီယံအပါအဝင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ ဝင်နိုင်ငံများအနေဖြင့် ပြည်သူထုထုနှင့် အနီးစပ်ဆုံးအခြေအနေတွင် ရှိနေသော အစုအဖွဲ့အသီးသီးနှင့် ချိတ်ဆက်ဆောင်ရွက်သင့်ပြီဖြစ်သည်။ လက်ရှိအချိန်ထိတိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO)များနှင့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG) စိုးမိုးထိန်းချုပ်ရာ နယ်မြေများအတွင်းရှိ စစ်ဘေးသင့် ပြည်သူလူထုထံ လူသားစာနာအကူအညီများ ရောက်ရှိနိုင်ရေးအတွက် ကြိုးပမ်းသင့်ကြောင်း ရှုမြင်မိပါသည်။

ရှမ်းပြည်နယ် ဆီဆိုင်မြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် အာဆီယံလူသားချင်းစာနာမှု ကူညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးစင်တာ (AHA Center)၏ ယာဉ်တန်းပစ်ခတ်ခံရမှုကို ကြီးမားသည့် သင်ခန်းစာအဖြစ် အသုံးချကာ အမှန်တကယ်အကူအညီလိုအပ်နေကြသော မြန်မာပြည်သူလူထုထံ လူသားစာနာအကူအညီများ ရောက်ရှိနိုင်ရေးအတွက် အပူတပြင်း ချဉ်းကပ်အဖြေရှာသင့်ပြီဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။



## စစ်ကောင်စီတပ် လက်နက်ကြီးပစ်ခတ်မှုကြောင့် ထားဝယ်မှာ ကလေးငယ် ၃ ဦးဒဏ်ရာရ

တနင်္သာရီတိုင်း ထားဝယ်မြို့နယ် ကဒွန်းရှောင်ကျေးရွာထဲကို တိုက်ပွဲမရှိဘဲ စစ်ကောင်စီတပ်ရဲ့ လက်နက်ကြီး ပစ်ခတ်မှုကြောင့် ကလေးငယ် ၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံတွေက သံလွင်တိုင်းမ်ကို ပြောပါသည်။

မေ ၂ ရက်နေ့ ညနေ ၆ နာရီအချိန်ခန့်က ဇဟာတောင်ပေါ်တွင် တပ်စွဲထားသော စစ်ကောင်စီအမြောက်တပ်မှ တိုက်ပွဲမရှိဘဲ ကဒွန်းရှောင်ရွာဘက်ကို လက်နက်ကြီး ၂ လုံး ပစ်ခတ်ခဲ့ပါသည်။

စစ်ကောင်စီတပ် ပစ်ခတ်လိုက်သော လက်နက်ကြီးကျည်ကြောင့် အသက် ၆ နှစ်အရွယ် မဖြူဖြူသင်း၊ အသက် ၈ နှစ်အရွယ် မောင်အောင်မျိုးမင်း၊ အသက် ၁၀ နှစ်အရွယ် မငြိမ်းသဇင်တို့၏ ဦးခေါင်းနှင့်ခြေထောက်တို့တွင် ကျည်ထိမှန် ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့ပါသည်။

လက်နက်ကြီးကျည် ထိမှန်ဒဏ်ရာရရှိခဲ့သော ကလေးငယ် ၃ ဦးကို လူမှုကယ်ဆယ်ရေးအဖွဲ့များက ထားဝယ် ကုတင် ၁၀၀ စစ်ဆေးရုံသို့ ပို့ဆောင်ပေးထားကြောင်း သိရပါသည်။

ဒေသခံတွေအဆိုအရ စစ်ကောင်စီအမြောက်တပ်ဟာ ကဒွန်းကျေးရွာထဲမှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေ ရောက်ရှိနေသည်ဆိုသော သတင်းအရ ကျေးရွာထဲကို လက်နက်ကြီး ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။


ထားဝယ်မြို့နယ်ထဲမှာတော့ စစ်တပ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီတပ်၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် ဒေသခံ ၂၀ ထက်မနည်း ထိခိုက်သေဆုံးခဲ့ကြောင်း ဒေသတွင်းသုတေသနအဖွဲ့များ၏ အချက်အလက်များအရ သိရပါသည်။

BNI - MPM

# အပိုင်း ၂

## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ


BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ မေလ ၃ ရက်မှ ၉ ရက် တစ်ပတ်တာအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များအကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၁၄ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက စစ်ကိုင်းတိုင်းသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၅ ရက် အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူ မှတ်တမ်း ပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမို များပြားနိုင်ပါသည်။




## စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု


၃ - ၉ မေ ၂၀၂၃


| ၅၀ | ၈ | ၁၇ |
|---|---|---|
| စစ်ကောင်စီတပ်သားသေဆုံးမှု | ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု | အရပ်သားသေဆုံးမှု |




## ၅၀၀၀ စစ်ဘေးရှောင်အရေအတွက် (၃-၉ မေ၂၀၂၃)







# စစ်ကိုင်းတိုင်း

ရွှေဘို၊ မုံရွာ၊ မြောင်နှင့် မြင်းမူမြို့နယ်များတွင်  စစ်ကောင် စီတပ်နှင့် ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၆ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် အရာတော်၊ စစ်ကိုင်းနှင့် ဝက်လက်မြို့နယ်များတွင် စစ်ကောင်စီတပ် ပုံးကြဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၁၀ ဦး သေဆုံးခဲ့သည်။ မေလ ၄ ရက် နေ့က မင်းကင်းမြို့နယ်၊ ပိက္ခရားရွာကို စစ်ကောင်စီတပ်က လေယာဉ်ဖြင့် ပုံးကြဲတိုက်ခိုက်သဖြင့် ကလေးသုံးဦး အပါအဝင် အရပ်သား ၇ ဦး သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်မှ လူနေအိမ်များကို မီးရှို့၍ စစ်ကြောင်းထိုးလာသောကြောင့် ခင်ဦးနှင့် ထီးချိုင့်မြို့နယ်များမှ ဒေသခံပြည်သူ ၄၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။








# ကချင်ပြည်နယ်

မေလ ၆ ရက်နေ့က ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု မော်စီစာကျေးရွာအဝင် ဖားကန့်-လုံးခင်းသွား မိန်းလမ်းမကြီးပေါ်တွင် သေနတ်ဖြင့် ပစ်သတ်ခံထားရသည့် အမျိုးသားနှစ်ဦး၏ ရုပ်အလောင်းကို တွေ့ရသည်။ မေလ ၈ ရက်နေ့က ဗိုင်းမော်မြို့နယ်၊ ဆဒုံးမြို့အဝင် ရေတံခွန်အနီးရှိ အခွန်ဂိတ်တစ်ခုကို စစ်ကောင်စီတပ်နှင့် ဦးရွှေမင်းပြည်သူ့စစ်ပူးပေါင်းတပ်မှ ပစ်ခတ်ခဲ့ရာ ဂိတ်ထိုင်နေသည့် အရပ်သား ၂ ဦးနှင့် ရေတံခွန်အနီးတွင် ဈေးရောင်းနေသော ပြည်သူတစ်ဦး စုစုပေါင်း ၃ ဦး သေဆုံးသည်။













## မကွေးတိုင်း

မေလ ၄ ရက်နေ့က ရေစကြိုမြို့၊ အမှတ်(၂) စည်ပင်သာယာရပ်ကွက်ရှိ ရုံးပေါင်းစုံ စုပေါင်းရုံးဝင်းအတွင်း တပ်စခန်းချထားသော စစ်ကောင်စီတပ်ဖွဲ့ကို ပြည်သူ့ကာကွယ်ရေးတပ်မှ ဝင်ရောက်တိုက်ခိုက်ရာ စစ်ကောင်စီတပ်သား ၁ ဦး သေဆုံးခဲ့သည်။ ထို့အပြင် မေလ ၄ ရက်နေ့က မြိုင်မြို့နယ်အတွင်းရှိ သရက်ကန်ရွာနှင့် စိုကန်တိုက်ရွာအကြားတွင် ပျူစောထီးအဖွဲ့ဝင်များ မိုင်းဆွဲတိုက်ခိုက်ခဲ့ရပြီး နှစ်ဦးသေဆုံးခဲ့သည်။

---




## မန္တလေးတိုင်း

သပိတ်ကျင်းနှင့် နွားထိုးကြီးမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂ ဦးသေဆုံးခဲ့သည်။ ထို့အပြင် ငါန်းဇွန် နှင့် နွားထိုးကြီးမြို့နယ်များတွင် စစ်ကောင်စီတပ်ဒရုန်းဖြင့် ပုံးကြဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၇ ဦး သေဆုံးခဲ့သည်။







# ကရင်ပြည်နယ်

မေလ ၆ ရက်နေ့က မြဝတီမြို့နယ်၊ သဃ်န်းညီနောင်ရွာသစ် ဘုန်းကြီးကျောင်းအနီးတွင် ဆိုင်ကယ် စီးနင်းလာ သော အရပ်သားတစ်ဦးသည် ကရင်နယ်ခြားစောင့်တပ် (BGF)များ စီးနင်းလာသောကားမှဝင် တိုက်ခဲ့၍ သေဆုံးခဲ့သည်။


---







# ပဲခူးတိုင်း

မေလ ၃ ရက်နေ့က ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းတွင် အသက် ၂၀ ကျော်အရွယ် ဒေသခံလူငယ်တစ်ဦး စစ်ကောင်စီတပ်များ၏ အကြောင်းမဲ့ ပစ်သတ်ခြင်းခံခဲ့ရသည်။ ထို့အပြင် မေလ ၄ ရက်နေ့က ဖြူးမြို့နယ်၊ အုတ်ဖြတ်ရပ်ကွက်တွင် ကိုဘိုဘိုဆိုသူ ဈေးဝယ်သွားရင်း ဆိုင်ကယ်လိုင်စင်မရှိသောကြောင့် ဖမ်းစီးခံခဲ့ရပြီး ဖြူးမြို့မရဲစခန်းတွင် သေဆုံးခဲ့သည်။ မေလ ၈ ရက်နေ့က ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းကျေးရွာအနီးက မိုင်းခွဲခံထားရသည့် ဘုံသရေတံတားကို လာရောက် ပြုပြင်သည့် စစ်ကောင်စီတပ် မိုင်းထပ်ဆွဲခံရပြီး စစ်ကောင်စီတပ်သား ၁ ဦး သေဆုံးခဲ့သည်။





# ရှမ်း (သျှမ်း) ပြည်နယ်

မေလ ၃ ရက် နှင့် ၈ ရက်နေ့က ပင်လောင်းမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ကရင်နီအမျိုးသားကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်မှ ၃ ဦး ကျဆုံးခဲ့သည်။ မေလ ၄ ရက်နေ့မှ စတင်ကာ စစ်ကောင်စီတပ်သည် ရွာငံမြို့နယ်အတွင်း မြေပြင်၊ ဝေဟင်စစ်ကြောင်းထိုးလာမှုကြောင့် ဒေသခံ ၅၀၀ နီးပါး ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။







# ကရင်နီ (ကယား) ပြည်နယ်

မေလ ၄ ရက်နေ့က လွိုင်ကော်မြို့နယ်၊ လွိုင်လင်လေးမြို့ ခမရ ( ၅၃၀ ) တပ်အနီး ထီးစဲခါးဂိတ်မှ ဒုဗိုလ်မှူးကြီးမြတ်မင်းသူဆိုသူသည် အရက်သောက်နေသည့် တပ်သားတစ်ဦးကို ထိုးကြိတ်၊ ရိုက်နှက်ခဲ့ရာ တပ်သားမှ မကျေနပ်သည့်အတွက် သေနတ်ဖြင့်ပြန်လည်ပစ်ခတ်ခဲ့သောကြောင့် သေဆုံးခဲ့သည်။ ထို့အပြင် တပ်ရင်းမှူးကို ပစ်သတ်ပြီးသည့် နောက်မှာလည်း အဆိုပါ စစ်ကောင်စီတပ်သားဟာ ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားခဲ့သည်။ ဧပြီလ ၂၆ ရက်နေ့ ညက ဒီးမော့ဆို အရှေ့ဘက်ခြမ်းတွင်ပျောက်ဆုံးသွားခဲ့သည့် အသက် ၄၀ အရွယ် စစ်ရှောင်အမျိုးသားတစ်ဦး၏ ရုပ်အလောင်းကို မေလ ၈ ရက်နေ့ က ဖခင်ဖြစ်သူမှ ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည်။





တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

၀ - ၀


၀ - ၁




# တနင်္သာရီတိုင်း

မေလ ၃ ရက်နေ့က ပုလောမြို့နယ် ထမင်းမစားကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ မေလ ၇ ရက်နေ့က ထားဝယ်မြို့ နယ်၊ ဇဟာကျေးရွာ အခြေစိုက် အမှတ် (၃၀၂) အမြောက်တပ်မှ ဗိုလ်ကြီးမျိုးလင်းဦးသည် အမည်မသိ လက်နက် ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။

---








တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

၀ - ၀


၀ - ၁




# မွန်ပြည်နယ်

ဘီးလင်းနှင့်ကျိုက်ထိုမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) ပြည်သူ့ကာကွယ်ရေးပူးပေါင်း တပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂ ဦး ကျဆုံးခဲ့သည်။ မေလ ၆ ရက် နှင့် ၇ ရက်နေ့က ရေးမြို့နယ်မြောက်ဘက်တွင် စစ်ကောင်စီလေတပ်က နှစ်ရက်ဆက် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်မှ ၃ ဦး သေဆုံးခဲ့သည်။ ထိုကဲ့သို့ နှစ်ရက်ဆက်လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုများ ကြောင့် ဝါပသဲကျေးရွာ အပါအဝင် အနီးအနားရှိ ဘဲလမု ၊ ထပတော်၊ ချောင်းနှစ်ခွ စသည့် အနည်းဆုံး ကျေးရွာ ၄ ရွာခန့်မှ ဒေသခံ ၅၀၀ ကျော်သည် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။







# ဧရာဝတီတိုင်း

မေလ ၄ ရက်နေ့က ဘိုကလေးမြို့နယ်၊ ပဒဲကောကျေးရွာတွင် ကင်းစောင့်နေသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်တစ်ဦး အမည်မသိ လက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ အလားတူ မေလ ၅ ရက်နေ့က ဟင်္သာတမြို့နယ်၊ ကုန်းကြီးကျေးရွာ၊ နတ်မော်လမ်းမပေါ်တွင် စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့(စရဖ)မှတပ်ကြပ်ကြီးအဆင့် ရှိသူ ဦးအောင်ထိုက်(ခ)ရဲရင့်ဆိုသူကို ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။






# ရန်ကုန်တိုင်း


မေလ ၄ ရက်နေ့က မှော်ဘီမြို့နယ်၊ ကိုးလုံးကွင်းကျေးရွာရှိ စစ်ကောင်စီတပ်ဖွဲ့၏ စစ်ဆေးရေးဂိတ်ကို ပြည်သူ့ကာကွယ်ရေး တပ်က အဝေးထိန်းမိုင်းဖြင့် တိုက်ခိုက်ရာ စစ်ကောင်စီတပ်မှ ၁ ဦး သေဆုံးခဲ့သည်။







# ရခိုင်ပြည်နယ်

မေလ ၃ ရက်နေ့က မောင်  တောမြို့နယ် မြောက်ပိုင်း ဝက်ကျိန်း(မြို)ကျေးရွာတွင် စစ်ကျန် ပုံးသီးဟောင်းတစ်လုံး ပေါက်ကွဲ၍ ၄ နှစ်အရွယ် ကလေးငယ် ၁ ဦး ပွဲချင်းပြီး သေဆုံးခဲ့သည်။




# ချင်းပြည်နယ်

မေလ ၅ ရက်နေ့က မတူပီမြို့နယ်၊ မတူပီ-ဟားခါးလမ်းမပေါ်တွင် အခြေစိုက်ထားသော စစ်ကောင်စီတပ် စစ်ဗျူဟာဌာနချုပ် စခန်းကို ချင်းဒေသကာကွယ်ရေးတပ်များက ဝင်ရောက်တိုက်ခိုက်ရာ စစ်ကောင်စီတပ်သား ၃ ဦး သေဆုံးခဲ့သည်။ ထို့အပြင် မေလ ၈ ရက်နေ့က ချင်းပြည်နယ်၊ ဟားခါးမြို့နယ်ရှိ နေရာနှစ်ခုကို စစ်ကောင်စီလေတပ်က ဗုံးကြဲတိုက်ခိုက်ရာ ချင်းဒေသကာကွယ်ရေးအဖွဲ့ (CDF) အဖွဲ့ဝင် ၂ ဦး သေဆုံးပြီး ၃ ဦး ဒဏ်ရာရခဲ့သည်။



မြန်မာ့ပဋိပက္ခအား ဖြေရှင်းရန် ဘုံသဘောတူညီချက် ၅ ရပ်ကို ကျော်လွန်ကာ လုပ်ဆောင်ရေးအတွက် အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံအား လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အာရှဖိုရမ်မှ အဖွဲ့ဝင် လူ့အခွင့်အရေးအဖွဲ့အစည်းများက မေလ ၁၀ ရက်တွင် တိုက်တွန်းခဲ့ပါသည်။ အာရှဖိုရမ်တွင် အာရှမှ လူ့အခွင့်အရေးအဖွဲ့ပေါင်း ၂၅ ဖွဲ့ကျော်ပါဝင်ပြီး၊ ၎င်းအဖွဲ့တို့မှ လက်မှတ်ထိုးထားသည့် အိတ်ဖွင့်စာတစ်စောင်ကို အာဆီယံထိပ်သီးအစည်းအဝေးမတိုင်ခင် အာဆီယံခေါင်ဆောင်များထံသို့ ပေးပို့ခဲ့ခြင်းဖြစ်ပါသည်။

အိတ်ဖွင့်စာမှတဆင့် ဒီမိုကရေစီ နည်းကျ ရွေးကောက်ခံအစိုးရ NUG၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် မြန်မာလူမှုအဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်ရာ အဓိကပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့်အတူ အပြုသဘောဆောင်ပြီး ကျယ်ပြန့်သော ဆွေးနွေးပွဲများကို အာဆီယံမှ ကြီးမှူးကျင်းပရန်နှင့် မြန်မာနိုင်ငံက ပဋိပက္ခအား ဖြေရှင်းရန် အားထုတ်ရာ၌ အာဆီယံအနေဖြင့် ကုလသမဂ္ဂ၊ အထူးသဖြင့် လုံခြုံရေးကောင်စီ၊ အတွင်းရေးမှူးချုပ်တို့နှင့်အတူ အနီးကပ်ဆောင်ရွက်သွားရန် တိုက်တွန်းတောင်းဆိုထားပါသည်။

စင်္ကာပူနိုင်ငံခြားရေးဝန်ကြီး Dr Vivian Balakrishnan မှ အာဆီယံ၏ ဘုံသဘောတူညီချက်များ အကောင်ထည်ဖော်ရန် တိုးတက်မှုမရှိခြင်းသည် စစ်ကောင်စီတပ်ကြောင့်ဟု ပြောဆိုထားသည်ကို စင်္ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနမှ မေလ ၉ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ အရပ်သားများကိုတိုက်ခိုက်သည့် မည်သည့်ကိစ္စမျိုးမဆို ပြစ်တင်ရှုတ်ချပြီး ခွင့်မပြုနိုင်ကြောင်း ရေးသားထားပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်သည် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်တိုင် လက်ခံထားသော အာဆီယံဘုံသဘောတူညီချက် ၅ ရပ်ကို ဆန့်ကျင်နေကြောင်း စင်္ကာပူက ဝေဖန်ထားပါသည်။

မေလ ၉ရက်မှ ၁၁ရက်အထိ (၄၂) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားသော အင်ဒိုနီးရှားနိုင်ငံ၊ Labuan Bajo မြို့တွင် ကျင်းပမည်ဖြစ်ပြီး ထို့အစည်းဝေးတွင် မြန်မာကိုယ်စားလှယ်မပါဝင်သော်လည်း မြန်မာ့အရေးနှင့် ပတ်သက်၍ ဆွေးနွေးဖွယ်ရှိကြောင်း သိရပါသည်။ ထို့ပြင် မေလ ၈ ရက်က အာဆီယံထိပ်သီးအစည်းအဝေး အကြိုသတင်းစာရှင်းလင်းပွဲတွင် အိမ်ရှင်နိုင်ငံဖြစ်သော

> မတူညီသော အမိက ပုဂ္ဂိုလ်များနှင့် ဆွေးနွေးသည့် အကြောင်းအရာကို အသေးစိတ်ပြောဆိုထားခြင်းမရှိသေးသော်လည်း အင်ဒိုနီးရှား သံတမန်များသည် မြန်မာ့အရေး သက်ဆိုင်သူအားလုံးနှင့် အကြိမ် ၆၀ ကျော်မက ချိတ်ဆက်ဆွေးနွေးထားကြောင်းလည်း သိရပါသည်။

အင်ဒိုနီးရှားနိုင်ငံမှ သမ္မတဂျိုကိုဝီဒိုဒို (Joko Widodo) က မြန်မာနိုင်ငံမှ အကြမ်းဖက်မှုများလျော့ကျရေးနှင့်ပတ်သက်ပြီး ပြောခဲ့ပါသည်။


တစ်ဖက်မှာလည်း အင်ဒိုနီးရှားသည် မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများ အရှိန်မြင့်နေရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စတင်နိုင်ရေး အားထုတ်မှုအဖြစ် မြန်မာဒီမိုကရေစီလိုလားသော အဝေးရောက်အစိုးရ အမျိုးသားညီညွတ်ရေးအစိုးရ NUG အပါအဝင် အာဏာသိမ်းစစ်ကောင်စီနှင့် တိုင်းရင်းသား လူနည်းစုတပ်ဖွဲ့များနှင့်လည်း လအတော်ကြာ သိုသိုသိပ်သိပ် ချိတ်ဆက်ဆွေးနေကြောင်း နိုင်ငံခြားရေးဝန်ကြီး ရတ်နိမာဆူဒီက ထုတ်ဖော်ပြောကြားထားပါသည်။ မတူညီသော အမိကပုဂ္ဂိုလ်များနှင့် ဆွေးနွေးသည့် အကြောင်းအရာကို အသေးစိတ်ပြောဆိုထားခြင်းမရှိသေးသော်လည်း အင်ဒိုနီးရှား သံတမန်များသည် မြန်မာ့အရေး သက်ဆိုင်သူအားလုံးနှင့် အကြိမ် ၆၀ ကျော်မက ချိတ်ဆက်ဆွေးနွေးထားကြောင်းလည်း သိရပါသည်။

ယင်းနှင့်ပတ်သက်၍ NUG သမ္မတရုံးပြောခွင့်ရသူ ဦးကျော်ဇော်ကလည်း အာဆီယံအလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားနှင့် NUG အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များလည်း ထိတွေ့ဆက်သွယ်မှုရှိခဲ့ကြောင်း အတည်ပြုပြောကြားထားပါသည်။ ထိုသို့ ထိတွေ့ချိတ်ဆက်မှုများရှိနေစဉ်မှာပင် မေလ ၈ ရက်က မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာမှုအကူအညီ ပေးပို့ရန်လာသော အာဆီယံအရာရှိများလိုက်ပါလာသည့် ယာဉ်တန်းသည် ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့မှ တောင်ကြီးမြို့သို့လာစဉ် အမည်မသိအဖွဲ့အစည်းထံတွင် ပစ်ခတ်ခံခဲ့ရပြီး ယင်းဖြစ်စဉ်အပေါ် စင်ကာပူနှင့် အင်ဒိုနီးရှားတို့က ရှုတ်ချခဲ့ကြပါသည်။

ထို့သို့ အင်ဒိုနီးရှားသမ္မတက ဝေဖန်ရှုတ်ချခဲ့ပြီး ပဋိပက္ခဒဏ်သင့် နိုင်ငံတွင် အကြမ်းဖက်မှုများ ရပ်ဆိုင်းအဆုံးသတ်ရေးကို တောင်းဆိုခဲ့သော်လည်း ထိုတိုက်ခိုက်မှုဖြစ်စဉ်သည် မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းမှုရရှိရေးအတွက် အာဆီယံနှင့် အင်ဒိုနီးရှား၏ ကြိုးပမ်းအားထုတ်မှုများကို အဟန့်အတားဖြစ်စေမည် မဟုတ်ဟု ပြောဆိုခဲ့ပါသည်။

အဆိုပါသံတမန်ယာဉ်တန်းတိုက်ခိုက်ခံရမှုနှင့်ပတ်သက်ပြီး NUG နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့်လည်း  ပြင်းထန်စွာရှုတ်ချခဲ့ပြီး၊ အဆိုပါ တိုက်ခိုက်မှုသည် NUG ၏ တော်လှန်ရေးအခြေခံမူများနှင့် လုံးဝဆန့်ကျင်နေကြောင်း၊ NUG အနေဖြင့် အဆိုပါကိစ္စရပ်အပေါ် တရားဥပဒေစိုးမိုးရေးနှင့် ဂျီနီဗာကွန်ဗင်းရှင်းအပါအဝင် နိုင်ငံတကာစည်းမျဉ်းဥပဒေများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုက်ခိုက်မှုအား NUG နှင့် မိတ်ဖက်များမှ အမိန့်ပေးစေခိုင်းခဲ့ခြင်းမရှိကြောင်းနှင့် ဖြစ်စဉ်ကိုလည်း လျစ်လျူရှု မျက်ကွယ်ပြုထားမည် မဟုတ်ကြောင်း မေလ ၈ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

မေလ ၅ ရက်တွင် နေရပ်ပြန်ရေး အစမ်းစီမံကိန်းအတွက် ဆောက်လုပ်ပေးထားသော ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်မှ စံပြကျေးရွာနှစ်ရွာသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တာဝန်ရှိသူအချို့နှင့်အတူ ရိုဟင်ဂျာဒုက္ခသည် ၂၀ ခန့်က လာရောက်ကြည့်ရှုခဲ့ကြပါသည်။ သို့သော် လာရောက်ကြည့်ရှုခဲ့သည့် ရိုဟင်ဂျာအဖွဲ့က ၎င်းတို့အနေဖြင့် ဆန္ဒအလျောက် မြန်မာနိုင်ငံသို့ ပြန်ရေးကို သဘောတူလိမ့်မည် မဟုတ်ကြောင်း မီဒီယာများထံ ထုတ်ဖော်ပြောကြားခဲ့ပါသည်။




# စစ်ကောင်စီတပ်များအား မိုင်းဆွဲတိုက်ခိုက်မှုမှတ်တမ်း

၈ မေ ၂၀၂၃

BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ စစ်အာဏာသိမ်းရန် ကြိုးပမ်းမှု စတင်သော ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဧပြီလ ၁၈ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီတပ်သည် ခုခံတော်လှန်ရေး အင်အားစုများ၏ မိုင်းဆွဲတိုက်ခိုက်မှုကို ရင်ဆိုင်ရသည်မှာ ရက်ပေါင်း ၃၀၅ ရက်အထိ ရှိခဲ့ပါသည်။ မိမိတို့ အနေဖြင့် မိုင်းဆွဲတိုက်ခိုက်မှု အခြေအနေများကို ကောက်ယူ မှတ်တမ်း ပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမို များပြားနိုင်ပါသည်။

မိုင်းဆွဲတိုက်ခိုက်မှုအခြေအနေများကို နှစ်အလိုက်၊ လအလိုက်နှိုင်းယှဉ်လေ့လာကြည့်ပါက ၂၀၂၁ ခုနှစ်အတွင်း ဒီဇင်ဘာလသည် စစ်ကောင်စီတပ်များအား မိုင်းဆွဲတိုက်ခိုက်မှုရက်ပေါင်း ၄၄ ရက်အထိ ရှိခဲ့ပြီး အများဆုံးလ ဖြစ်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တွင် မေလသည် မိုင်းဆွဲတိုက်ခိုက်မှုရက်ပေါင်း ၃၄ ရက်ဖြင့် အများဆုံးလ ဖြစ်ခဲ့ပါသည်။ ထို့အပြင် ၂၀၂၃ ခုနှစ် အတွင်းတွင်မူ မတ်လသည် မိုင်းဆွဲတိုက်ခိုက်မှုရက်ပေါင်း ၃၇ ရက်ဖြင့် အများဆုံးလ ဖြစ်နေသည်ကို တွေ့ရပါသည်။ နှစ်အလိုက်တွင်မူ ၂၀၂၁ ခုနှစ်အတွင်း မိုင်းဆွဲတိုက်ခိုက်မှု ၇၅ ရက်၊ ၂၀၂၂ ခုနှစ်အတွင်း မိုင်းဆွဲတိုက်ခိုက်မှု ၁၆၂ ရက်၊ ၂၀၂၃ ခုနှစ် ဧပြီလ ၁၈ ရက်အတွင်း မိုင်းဆွဲတိုက်ခိုက်မှု ၆၈ ရက် အသီးသီး ရှိခဲ့ပါသည်။

အာဏာသိမ်းစစ်ကောင်စီတပ်အား မိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ်များကို လေ့လာကြည့်ပါက အများဆုံး မိုင်းဆွဲတိုက်ခိုက်ခဲ့သည်မှာ တောင်တန်း မြေပြန့်ဒေသအလိုက်၊ မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF/LDF) များ ဖြစ်ပြီး ရက်ပေါင်း ၂၇၉ ရက်အထိ ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၉၁ ရာခိုင်နှုန်းကျော် ရှိနေသည်ကို တွေ့ရပါသည်။ ထို့နောက်တွင်မှ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များ ဖြစ်သည့် ကချင်လွတ်လပ်ရေးတပ်မတော်(KIO/KIA) မှ ၁၄ ရက်၊ ကရင်အမျိုးသားအစည်းအရုံး (KNU/KNLA) မှ ၁၁ ရက်နှင့် ရက္ခိုင့်တပ်တော်(ULA/AA) မှ ၁ ရက် အသီးသီး အာဏာသိမ်းစစ်အုပ်စုအား မိုင်းဆွဲတိုက်ခိုက်ခဲ့ပါသည်။

တိုင်းနှင့်ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက ပြည်သူ့ကာကွယ်ရေးတပ်များ၏ ထိန်းချုပ်နယ်မြေများရှိရာ  စစ်ကိုင်းတိုင်းသည် မိုင်းဆွဲတိုက်ခိုက်မှုရက်ပေါင်း ၁၃၉ ရက်ဖြင့် အများဆုံးဖြစ်နေသည်ကိုတွေ့ရပါသည်။ ထို့နောက်တွင်မှ မကွေးတိုင်းသည် မိုင်းဆွဲတိုက်ခိုက်မှု ရက်ပေါင်း ၅၁ ရက်ဖြင့် ဒုတိယအများဆုံးဖြစ်ခဲ့ပြီး  မန္တလေးတိုင်းသည် မိုင်းဆွဲတိုက်ခိုက်မှုရက်ပေါင်း ၃၀ ရက်ဖြင့် တတိယအများဆုံးဖြစ်ခဲ့ပါသည်။ နွေဦးတော်လှန်ရေးကာလတလျှောက် အာဏာသိမ်းစစ်အုပ်စုအား မိုင်းဆွဲတိုက်ခိုက်မှုများ၏ ၇၃ ရာခိုင်နှုန်းကျော်သည် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးကဲ့သို့သော အညာဒေသတွင် တွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် အညာတခွင်လုံးပြန့်ထွက်လာသော ခုခံတော်လှန်သော စစ်ရေးလှုပ်ရှားမှုများတွင် မိုင်းဆွဲတိုက်ခိုက်ရေးနည်းဗျူဟာ (ဝါ) မိုင်းစစ်ဆင်ရေးသည် အချက်အခြာကျသော စစ်ရေးဗျူဟာတစ်ရပ် ဖြစ်နေသည်ဟု ဆိုရပါမည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဧပြီလ ၁၈ ရက်အတွင်း မိုင်းဆွဲတိုက်ခိုက်မှုများကြောင့် စစ်ကောင်စီတပ်သား စုစုပေါင်း ၁၁၈၈ ဦး သေဆုံးခဲ့ပါသည်။

BNI - MPM

## မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI ၏
အဖွဲ့ဝင် သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။